ကင်းပြားကျေးရွာ

မင်းကုန်းကျေးရွာအုပ်စု၊ရွှေဘိုမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကင်းပြားကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရွှေဘိုမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၂၁

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား
၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ
၃။ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ
၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ
၅။ မွေးမြူရေး
၆။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ
၇။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး
၈။ ပညာရေး
၉။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး
၁၀။ လူငယ်ဖွံ့ဖြိုးရေး
၁၁။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ
၁၂။ ကင်းပြားကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား
၁၃။ ကင်းပြားကျေးရွာ ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

ကင်းပြားကျေးရွာ

၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ကင်းပြားကျေးရွာသည် ရွှေဘိုမြို့၏ အနောက်ဘက်ခြမ်း၌ တည်ရှိပြီး ရွှေဘိုမြို့နှင့် (၁)မိုင် ကျော်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ အနီးအနားပတ်ဝန်းကျင်မှာ လယ်ယာမြေများဖြစ်ပြီး ကျေးရွာ၏ အရှေ့ဘက်တွင် လက်တံ(၈)မူး၊ အနောက်ဘက်တွင် လှတောမူး တည်ရှိပါသည်။ ကျေးရွာ၏ တောင်လက်တွင် စိုက်ပျိုးရေးဦးစီးဌာန၏ ချိပါမျိုးသန့်ခြံ တည်ရှိ၍ မြောက်ဘက်တွင် မူးသုံးခွ ရေပေးရေးစခန်းတည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝရင်းမြစ်များ

ကင်းပြားကျေးရွာတွင် ပေါက်ရောက်ရှင်သန်သော သဘာဝပေါက်ပင်များမှာ- တမာပင်၊ ထနောင်းပင်၊ မန်ကျည်းပင်၊ ကုက္ကိုလ်ပင်၊ ဝေရာပင်၊ ညောင်ပင်၊ ကန္တာရပင် စသည့် သဘာဝ ပေါက်ပင်များ ပေါက်ရောက် ရှင်သန်ကြပါသည်။ သဘာဝဆေးဘက်ဝင် အပင်များလည်း ပေါက်ရောက်ရှင်သန်ကြပါသည်။ငင်းတို့မှာ- ဆင်တုံးမန္ထယ်၊ ဂျာမဏီ၊ ဆင်နှာမောင်း၊ တောဆီးဖြူ၊ တောခရမ်းချဉ်၊ ကျောက်ကွဲ စသည်တို့ဖြစ်ကြပါသည်။ သဘာဝအရင်းအမြစ်အဖြစ် သဲနှင့်မြေကို ရရှိနိုင်ပါသည်။

နွေစပါးကို လယ်ယာမြေဧက (၇၉၁) ဧက စိုက်ပျိုး ကြပါသည်။ အဓိကစိုက်ပျိုးသော နွေစပါးမှာ သက်တမ်းတိုအုပ်စုတွင် ပါဝင်သော ဂဂ၇စပါး၊ BE စပါးမျိုးတို့ကို အဓိကထား စိုက်ပျိုးကြသည်။ စပါးထွက်နှုန်းများမှာ ဂဂ၇စပါးသည် အများဆုံး (၈၅) တင်းမှ အနည်းဆုံး (၆၅)တင်းအထိ ထွက်နှုန်းရှိပြီး BE စပါးမျိုးမှာ အများဆုံး (၁၀၀) တင်းမှ အနည်းဆုံး (၇၀)တင်းအထိ ထွက်ရှိကြပါသည်။ နွေစပါးသည် မိုးတပြိုက် လေတပြိုက် စတင် ကျရောက်သော နယုန်လတွင် ရိတ်သိမ်းရသောကြောင့် အခက်အခဲလေးများ ရှိကြပါသည်။ မိုးစပါးကိုလည်း လယ်ယာမြေ(၇၉၁) ဧက စိုက်ပျိုးကြပါသည်။ ရွှေဘိုပေါ်ဆန်းဟုခေါ်သော ရွှေဘို ဘေးကြားကို အဓိကထား စိုက်ပျိုးကြပါသည်။ ထိုစပါးမျိုး၏ စျေးကွက်မှာ ကောင်းမွန်သော်လည်း ပိုးကြိုက်သော စပါးမျိုးဖြစ်၍ ယခင်က ပိုးဖလံ(ခေါ်)ဆစ်ပိုးတစ်မျိုးသာ ကျရောက်သော်လည်း

ယခု အခါ ဖြုတ်ပိုးများပါ ထပ်မံကျရောက်လာပါသည်။ တောင်သူများမှလည်း ကြိုတင်ကာကွယ်သည့် အနေဖြင့် ဓာတုပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲလာကြပါသည်။ ဆေးအညွှန်းတွင် ပါဝင် သော ပမာဏထက် ပို၍ သုံးစွဲသောကြောင့် ရေအောက်သတ္တဝါများဖြစ်ကြသော ငါးမျိုးစိတ် အမျိုးမျိုး၊ ဖား၊ ခရု၊ ငါးရှဉ့်၊ တီကောင်၊ ရေမြွေ၊ ပုရစ်၊ ပင့်ကူ၊ ပုစွန် စသည့် မိတ်ဆွေပိုးများပါ သေဆုံး ကြရပါသည်။ ထို့အတူ မြေဆီလွှာများလဲ ပျက်ဆီးလာကြပါသည်။ ကင်းပြားကျေးရွာသည် ဆည်ရေ သောက်ဧကများဖြစ်သောကြောင့် နွေစပါး၊ မိုးစပါးတို့ကိုသာ အဓိကစိုက်ပျိုးကြပါသည်။ အခြား သီးထပ် သီးညှပ်များ စိုက်ပျိုးခြင်းမရှိပါ။ သဖန်းဆိပ်ဆည်ရေသောက်ဖြစ်သောကြောင့် စိုက်ပျိုးရေ မှာ ဖူလုံပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကင်းပြားကျေးရွာအတွင်းရှိ အဖွဲ့အစည်းများမှာ လမ်းကော်မတီအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့ ၊ မိဘဆရာအသင်း၊ ဓမ္မစကူးလ်အဖွဲ့၊ ဂေါပကအဖွဲ့၊ လူမှုကူညီရေးအသင်း၊ ကျေးရွာသန့်ရှင်းလှပရေးအဖွဲ့ စသည်တို့ဖြစ်ပါသည်။ လမ်းကော်မတီအဖွဲ့သည် ကျေးရွာလမ်း ကောင်းမွန်ရန်၊ သွင်းကုန် ထုတ်ကုန် သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့အဆင်ပြေစေရန် အထူးအလေးထား လုပ်ဆောင်ကြပါသည်။ အဖွဲ့အစည်းများမှာ စွမ်းဆောင်မှုအား ကောင်းပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကင်းပြားကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၂၄)စုရှိပြီး ကျား(၄၄၅)ဦး ၊ မ(၅၁၈)ဦး စုစုပေါင်း လူဦးရေ (၉၆၃)ဦး ရှိပါသည်။ ရွာသူ/သား အများစုမှာ လယ်ယာစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်၍ အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူ (၉၆၃)ဦးရှိပြီး နွေစပါးကို ၇၄၇စပါး၊ BE စပါးမျိုး စိုက်ပျိုးကြပြီး မိုးစပါးကို ရွှေဘိုဘေးကြား တစ်မျိုး ကိုသာ စိုက်ပျိုးကြပါသည်။ နွေစပါးကို မတ်လတွင် စတင်စိုက်ပျိုးပြီး ဂျွန်လတွင် ရိတ်သိမ်းကြ ပါသည်။ မိုးစပါးကို ဩဂုတ်လတွင် စတင်စိုက်ပျိုးကြပြီး ဇန်နဝါရီလတွင် ရိတ်သိမ်းကြသည်။ နွေစပါးသည် (၁)ဧက ပျှမ်းမျှ (၇၅)တင်း ထွက်ရှိပြီး ဈေးကွက်ခိုင်မာမှုမရှိပါ။ မိုးစပါးမှာ (၁)ဧက ပျှမ်းမျှ (၇၀)တင်း ထွက်သော်လည်း ဈေးကွက်ခိုင်မာမှုရှိပါသည်။ အခြားသီးထပ် သီးညှပ် မရှိပါ။ လယ်ယာသုံးစက်ကိရိယာများမှာ- လယ်ထွန်စက်၊ မြက်ရိတ်စက်၊ တို့ကိုသာ အသုံးပြုနိုင်ပါသည်။ စပါးရိတ်စက်၊ ကောက်ရိတ်စက်တို့မှာ ငှားရမ်း၍သာ အသုံးပြုကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကင်းပြားကျေးရွာတွင် ကျွဲနှင့်နွားများကိုသာ မွေးမြူကြပါသည်။ တိုင်တနိုင် မွေးမြူခြင်းသာဖြစ်ပြီး စီးပွားဖြစ် မွေးမြူခြင်းမရှိပါ။ မွေးမြူရန် မြေနေရာ ကျယ်ဝန်းမှုမရှိခြင်း၊ လုပ်သားရှားပါးခြင်း၊ စားကျက်မြေမရှိခြင်း၊ အမြတ်နည်းပါးခြင်း၊ ဝန်ထုပ်ဝန်ပိုးဖြစ်ခြင်း တို့ကြောင့် မွေးမြူရေးလုပ်ငန်းအား လုပ်ကိုင်သူ ရှားပါးပါသည်။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကင်းပြားကျေးရွာ၏ အခြားဝင်ငွေရ လုပ်ငန်းများမှာ- စက်ယက္ကန်းခက်ခြင်း၊ လက်ယက္ကန်းခက်ခြင်း၊ လက်သမား၊ ပန်းရံ လုပ်ကိုင်ခြင်းတို့ဖြစ်ပြီး စက်ချုပ်ပညာ ဝပ်ရှော့ ပညာများလည်း သင်ယူကြပါသည်။ လုပ်အားပြီးမြောက်မှု မတူညီသောကြောင့် လက်အားခဝင်ငွေမှာ ကျား၊မ တူညီမှုမရှိပါ။ လုပ်ငန်းခွင်ပေါ် မူတည်၍ ဝင်ငွေရရှိမှု ကွာခြားပါသည်။ နေ့စားလုပ်အားခ ဝင်ငွေမှာ ကျား(၁)ဦးလျှင် အများဆုံး (၁၀၀၀၀)ကျပ်မှ အနည်းဆုံး (၈၀၀၀) ကျပ်ဖြစ်ပြီး မ(၁)ဦးလျှင် အများဆုံး (၆၀၀၀)ကျပ်မှ အနည်းဆုံး (၄၀၀၀) ကျပ်ဖြစ်အထိ ဖြစ်ပါသည်။

(ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

ကင်းပြားကျေးရွာ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး အဓိကလုပ်ငန်းမှာ ဆန်စပါးဖြစ်ပါသည်။ အခြား ကြက်သွန်၊ ဟင်းသီးဟင်းရွက်နှင့် ယက္ကန်းလုပ်ငန်းကိုလည်း အနည်းစု ရောင်းဝယ်လုပ်ကိုင်ကြပါသည်။ ရွှေဘိုမြို့နှင့် (၁)မိုင်ကျော် အကွာတွင်သာ တည်ရှိသောကြောင့် သွားရေးလာရေးလွယ်ကူချောမွေ့ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကင်းပြားကျေးရွာ၏ စိုက်ပျိုးရေးအတွက် ချေးငွေကို စိုက်ဘဏ်မှရပြီး အခြားအသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် သမဝါယမ၊ မဟာဩဘာ၊ ပတ်(စ်)မြန်မာ၊ အလိုင်းရင့်၊ ဝူးရှင်းဖန်း စသည့် အသေးစားငွေကြေးအဖွဲ့အစည်းများမှ ရရှိပါသည်။ စိုက်ဘဏ်မှာ (၁)ဧက (၁သိန်းခွဲ)နှုန်း ထုတ်ချေးပေးပြီး (၁၀)ဧကအထိသာ ချေးပေးပါသည်။ အတိုးနှုန်းမှာ ပြား(၈၀)ဖြစ်ပါသည်။ အခြားအဖွဲ့အစည်းများမှာ (၁သိန်းခွဲ)စတင်ထုတ်ပေးပြီး နှစ်အလိုက် ငွေပမာဏ တိုးမြှင့်ထုတ်ချေးပေးပြီး အများဆုံး (၁၀သိန်း)အထိ ထုတ်ချေးပေးပါသည်။ အတိုးနှုန်းမှာ(၂ကျပ်ခွဲ)နှုန်း ဖြစ်ပါသည်။ ပြန်ပေးဆပ်ရမည့်ကာလသည် စိုက်ပျိုးရေးဘဏ်မှာ (၆)လလျှင် တစ်ကြိမ် ၊ အခြားချေးငွေများမှာ (၁၄)ရက်လျှင် တစ်ကြိမ် အတိုးနှင့်တွဲကာ ပေးဆပ်ရပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကင်းပြားကျေးရွာကူးသန်းသွားလာရေးမှာ- စက်ဘီး၊ ဆိုင်ကယ်၊ ကား၊ ထော်လာဂျီ တို့ကို အသုံးပြုကြပြီး ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရာတွင်လည်း အသုံးပြုကြပါသည်။ ကျေးရွာတွင်း လမ်းများ၏ အခြေအနေမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရန် ခက်ခဲပါသည်။ ရွာတွင်းလမ်း၏ အရှည်မှာ (၂၅၇၀)ပေ ရှိပါသည်။ ရွာအဝင်လမ်းမှာ ကျောက်ကြမ်းလမ်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၏ မတည်ငွေ(၂၀)သိန်းနှင့် ကျေးရွာထည့်ဝင်ငွေ (၉၅)သိန်း ပါဝင်ကာ အရှည်(၁၉၀၀)ပေ ခင်းကျင်းထားပါသည်။ တစ်နှစ်တစ်ကြိမ် ဂျင်းမြေခင်းခြင်း ကျောက်မှုန်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ပြုပြင်ထိန်းသိမ်းကြပါသည်။

(ခ) မီးလင်းရေး

ကင်းပြားကျေးရွာတွင် မဟာဓါတ်အားလိုင်းရရှိပါသည်။ မဟာဓါတ်အားလိုင်းသုံးစွဲသော အိမ်ထောင်စုမှာ (၁၈၅)ဦး ရှိပြီး ဆိုလာသုံးစွဲသော အိမ်ထောင်စုမှာ (၃၉) ဦး ရှိပါသည်။ လက်ရှိ (100 KVA Transformer)နှင့် ဝေးသော နေရာများတွင် မီးအားလုံလောက်စွာ မရရှိသောကြောင့် အသေးစားစက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲကြုံတွေ့ရပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကင်းပြားကျေးရွာတွင် ဆက်သွယ်ရေးအတွက် ဖုန်း၊ TV၊ ရေဒီယို၊ ဂြိုလ်တုစလောင်း စသည်တို့ကို သုံးစွဲကြပါသည်။ ၎င်းတို့သုံးစွဲမှုမှ သတင်းအချက်အလက်များအား အချိန်နှင့်တပြေးညီ သိရှိ၍ ဆက်သွယ်ရေးအခြေအနေ ကောင်းမွန်မှုရှိပါသည်။

၆။ ပညာရေး

ကင်းပြားကျေးရွာ၏ ကျောင်းအဆင့်မှာ မူလတန်းကျောင်းဖြစ်ပြီး ကျောင်းဆောင်အရေအတွက်မှာ (၃)ဆောင်ရှိပါသည်။ ကျောင်းအခြေအနေမှာ နံကပ်တိုက်ဖြစ်ပါသည်။ ကျောင်းအကျယ်အဝန်းမှာ (၀.၇)ဧကခန့် ကျယ်ဝန်းပါသည်။ ကျောင်းဆောင်များ၏ အတိုင်းအတာမှာ (၁၅၀ပေx၈၀ပေ)ရှိပြီး ကျောင်းဆရာ/မ နှင့် ကျောင်းသားအချိုးမှာ (၁ း၄၀)အောက် ဖြစ်ပါသည်။ ကျေးရွာတွင် စာမတတ်သူ မရှိပါ။ ဘွဲ့ရ (၁၀၃)ဦး၊ အထက်တန်း (၈၀)ဦး၊ အလယ်တန်း(၁၀၀)ဦး၊ မူလတန်းအောင် (၆၄၃)ဦး ရှိပါသည်။ ကျေးရွာတွင် မူလတန်းအောင်မြင်ပြီးပါက ရွှေဘိုမြို့ (အ.လ.က)၊ (အ.ထ.က) ကျောင်းများသို့ ပြောင်းရွှေ့ပညာသင်ယူရပါသည်။ ကျောင်းအကျိုးဆောင်ကော်မတီ၏ ဆောင်ရွက်မှုကောင်းပါသည်။ ကျောင်းသုံးကိရိယာများ လိုအပ်မှုများ ရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကင်းပြားကျေးရွာတွင် နှစ်စဉ်ဖြစ်ပွားလေ့ရှိသည့် ရောဂါများမှာ သွေးလွန်တုပ်ကွေး၊ တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါ များ ဖြစ်ကြပါသည်။ ကျေးရွာတွင် ဆေးခန်းရှိပြီး ထိုဆေးခန်းမှာ ရွှေမင်းဝံဆရာတော်မှဆောက်လုပ်လှူဒါန်းထားသော ဆေးခန်းဖြစ်ပြီး (၁)လလျှင် (၂)ကြိမ်သာ

ဖွင့်လှစ်ပါသည်။ ရွှေဘိုမြို့နှင့်အလှမ်းမဝေးသောကြောင့် မြို့ပေါ်ဆေးခန်းများသို့ သွားရောက်ကုသကြပါသည်။ သောက်သုံးရေရရှိမှု အခြေအနေကောင်းမွန်ပါသည်။ ကိုယ်ပိုင်တွင်းများရှိပြီး ရေတွင်း(၉၁)တွင်း၊ စက်တပ်(၄၇)တွင်း၊ တုံကင်(၈၆)တွင်း ရှိပါသည်။ ကိုယ်ပိုင်တွင်းမရှိသော အိမ်ထောင်စုမရှိပါ။သောက်သုံးရေရရှိသော အခြားနေရာများမှာ မူး၊ မြေသားရေကန်၊ မိုးရေလှောင်ကန်တို့ဖြစ်ပါသည်။ ယင်လုံအိမ်သာအား အိမ်ထောင်စုတိုင်း သုံးစွဲကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကင်းပြားကျေးရွာတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု မရှိခဲ့ပါ။ သဘာဝဘေးအန္တရာယ်အတွက် ကျေးရွာပတ်ဝန်းကျင်တွင် လေကာပင်များစိုက်ပျိုးထားခြင်း၊ မီးဘေးအတွက် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံးများ အဆင်သင့်ထားရှိပေးခြင်း၊ ပတ်ဝန်းကျင်သာယာလှပရေးအတွက် ကျေးရွာစွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်စေခြင်း၊ ပလပ်စတစ်ကင်းမဲ့ဇုန်(သို့)ရွာဖြစ်လာစေရန် ဝိုင်းဝန်းကြိုးဖမ်းအကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိကြပါသည်။


၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကင်းပြားကျေးရွာတွင်းရှိ အမျိုးသမီးများသည် လယ်ယာစိုက်ပျိုးရေး ကောက်စိုက်၊ အမှိုက်ကောက်၊ ပေါင်းနှုတ်တို လုပ်ကိုင်ကြပြီး အခြားစီးပွားရေးလုပ်ငန်းမှားဖြစ်သော ယက္ကန်း၊ စက်ချုပ်တို့ကို လုပ်ကိုင်ကြသည်။ ရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သာရေး၊ နာရေး၊ လူမှုရေးကိစ္စတို့တွင်လည်း အမျိုးသမီးများ ပူးပေါင်းပါဝင်မှုအားကောင်းပါသည်။ ရွာ၏ စီမံဆောင်ရွက်ရသောကိစ္စများတွင် ဦးဆောင်မှုမရှိသော်လည်း နောက်မှနေ၍ ပံ့ပိုးပူဇော်ကြပါသည်။ အမျိုးသမီးများသည် ပွင့်လင်းလွတ်လပ်သော ဒီမိုကရေစီစနစ်၊ သတင်းမီဒီယာများ၊ လူမှုကွန်ယက်ဆိုရှယ်မီဒီယာများမှတဆင့် အကြမ်းဖက်မှုများအတွက် ဥ ပဒေရေးရာအသိအမြင်များ ပွင့်လင်းလာကြပါသည်။

၁၀။ လူငယ်ဖွံ့ဖြိုးရေး

ကင်းပြားကျေးရွာတွင်းရှိ လူငယ်များသည် သာရေး၊ နာရေး၊ လူမှုရေး၊ ဘာသာရေး ကိစ္စများတွင် ပူးပေါင်းပါဝင်မှုရှိသော်လည်း အနည်းငယ်အားနည်းနေပါသည်။ ကျေးရွာလုံခြုံရေးနှင့်အားကစားမှာသင့်တင့်ကောင်းမွန်ပါသည်။

မင်းကုန်းအုပ်စု၊ကင်းပြားကျေးရွာ သယံဇာတမြေပုံ



၁၁။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

ရွှေဘိုမြို့နယ်၊ မင်းကုန်းကျေးရွာအုပ်စု၊ ကင်းပြားကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဦးစားပေးစီမံချက်	ဦးစားပေးအဆင့်
၁။	အခြေခံအဆောက်အဦ	ရွာတွင်းလမ်းမကြီးကျောက်ခြောလမ်းခင်းခြင်း	၁
၂။	မီးလင်းရေး	300KVA ထရန်စဖော်မာ ထပ်မံတပ်ဆင်ခြင်း	၂
၃။	အခြေခံအဆောက်အဦ	ရွာအဝင်ကျောက်ခြောလမ်းအား ကတ္တရာလမ်းခင်းခြင်း	၃
၄။	အခြေခံအဆောက်အဦ	ကျေးရွာအနောက်ပေါက်မှ လှတောတူးမြောင်းအထိ ကုန်ထုတ်လမ်းအား ဂျင်းခင်းခြင်း	၄
၅။	ပတ်ဝန်းကျင်ထိန်းသိမ်းရေး	အမှိုက်စွန့်ပစ်ရန် မြေနေရာ၊ အမှိုက်ပုံများ၊ အမှိုက်သယ်ယာဉ်ထားရှိနိုင်ရေး ဆောင်ရွက်ခြင်း	၅
၆။	ပညာရေး	ကျေးရွာစာသင်ကျောင်း အုတ်တံတိုင်းကာရံခြင်း	၆
၇။	ရေပေးရေး	ပြည်လုံးအေးချမ်းသာ ဘုရားဝန်းအတွင်းရှိ ရေတွင်းအား ရေသန့်စက်တပ်ဆင်ခြင်း	၇

ရွှေဘိုမြို့နယ်၊ကင်းပြားကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၁။	မိုးရွာလျှင် သွားလာရန် ခက်ခဲခြင်း	မြေသားလမ်းဖြစ်ခြင်း	လုပ်အားနှင့်ငွေကြေး အနည်းငယ် ပါဝင်နိုင်ခြင်း	နည်းပညာနှင့် ငွေကြေး လိုအပ်ခြင်း	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့တင်ပြတောင်းခံခြင်း	ကျေးရွာတွင်းလမ်းမကြီး ကျောက်ခြောလမ်းခင်းခြင်း
၂။	လျှပ်စစ်ဓါတ်အား မလုံလောက်ခြင်း	100 KVA ဖြစ်ခြင်း	လုပ်အားနှင့်ငွေကြေး အနည်းငယ် ပါဝင်နိုင်ခြင်း	နည်းပညာနှင့် ငွေကြေး လိုအပ်ခြင်း	မြို့နယ်လျှပ်စစ်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း	200 KVA ထရန်စဖော်မာ ထပ်မံတပ်ဆင်ခြင်း
၃။	လမ်းအပေါက်များ ဖြစ်သဖြင့် သွားလာရ အဆင်မပြေ၍ အဆင့်မြှင့်တင်လိုခြင်း	ကျောက်လမ်းအဆင့် သာဖြစ်ခြင်း	လုပ်အားနှင့်ငွေကြေး အနည်းငယ် ပါဝင်နိုင်ခြင်း	နည်းပညာနှင့် ငွေကြေး လိုအပ်ခြင်း	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့တင်ပြတောင်းခံခြင်း	ရွာအဝင်ကျောက်ခြောလမ်း ကတ္တရာခင်းခြင်း
၄။	မိုးရွာလျှင် လယ်ယာထုတ်ကုန်များသယ်ယူရန် ခက်ခဲခြင်း	မြေသားလမ်းဖြစ်ခြင်း	ငွေကြေးအနည်းငယ်နှင့် လုပ်အားပါဝင်နိုင်ခြင်း	နည်းပညာနှင့် ငွေကြေး လိုအပ်ခြင်း	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့တင်ပြတောင်းခံခြင်း	ကျေးရွာအနောက်ပေါက်မှ လှတောတူးမြောင်းအထိ ကုန်ထုတ်လမ်းအား ဂျင်းမြေခင်းခြင်း
၅။	အမှိုက်များစနစ်တကျ စွန့်ပစ်ခြင်းမရှိသောကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းခြင်း	အမှိုက်ပုံး၊ အမှိုက်စွန့်ပစ်မည့် နေရာ မရှိခြင်း	လုပ်အားနှင့်ငွေကြေး အနည်းငယ် ပါဝင်နိုင်ခြင်း	နည်းပညာနှင့် ငွေကြေး လိုအပ်ခြင်း	ကျေးရွာအဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်ဖြေရှင်းခြင်း	အမှိုက်စွန့်ပစ်နေရာ၊ အမှိုက်ပုံးများ၊ အမှိုက်သယ်ယာဉ်များ ထားရှိနိုင်ရေး ဆောင်ရွက်ခြင်း
၆။	ကျောင်းဝန်း လုံခြုံမှု မရှိခြင်း	ကျောင်းဝန်းအကာအရံများ ပျက်စီးနေခြင်း	လုပ်အားနှင့်ငွေကြေး အနည်းငယ် ပါဝင်နိုင်ခြင်း	နည်းပညာနှင့် ငွေကြေး လိုအပ်ခြင်း	မြို့နယ်ပညာရေးဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း	ကျေးရွာစာသင်ကျောင်း အုတ်တံတိုင်းကာရံခြင်း
၇။	ကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေ မရရှိခြင်း	ပတ်ဝန်းကျင် မသန့်ရှင်းမှုနှင့်မြေအောက်ရေများ ထုံးဓါတ်ပါဝင်မှုများခြင်း	ငွေကြေးအနည်းငယ် ပါဝင်နိုင်ခြင်း	နည်းပညာနှင့် ငွေကြေး လိုအပ်ခြင်း	ကျေးရွာအဖွဲ့အစည်းများနှင့် ကျန်းမာရေးအဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်ခြင်း	ရေသန့်စက် တည်ဆောက်ခြင်း (ပြည်လုံးချမ်းသာ ဘုရားဝန်း အတွင်း)

file://E:\PC2\VDP_20-21_ဘုန်းတော်ဘုရား_စာရွက်.docx__10

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁နှစ်အောက်	နို့စို့အရွယ်	၁	၂	၃
၁နှစ်မှ၄နှစ်အထိ	၅နှစ်အောက်ကလေးငယ်	၁၆	၁၁	၂၇
၅နှစ်မှ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၃၇	၂၂	၅၉
၁၀နှစ်မှ၁၄နှစ်အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၆	၂၈	၄၄
၁၅နှစ်မှ၆၄နှစ်အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၃၅	၃၉၂	၇၂၇
၆၄နှစ်အထက်	သက်ကြီးရွယ်ကြီး	၄၀	၆၃	၁၀၃
စုစုပေါင်း		၄၄၅	၅၁၈	၉၆၃
စုစုပေါင်းအိမ်ထောင်စု		၂၂၄		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းသို့ အိမ်ထောင်စုစာရင်းလှည့်လည်ကောက်ယူရာတွင် လသား အရွယ်ကလေးငယ်များကို အိမ်ထောင်စုစာရင်းတွင် ထည့်ထားခြင်းမရှိသေးပါ။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂၄	၂၅၂		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၀၀	၁၆၄		မြင့် ☐ လတ်☑ နိမ့် ☐
၂	**တိရိစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း			၄	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၂	မြင့် ☐ လတ်☑ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၄	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း			၆၄	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၃	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့် ☐ လတ်☐ နိမ့် ☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၂၄	မြင့် ☐ လတ်☐ နိမ့် ☑
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၉	မြင့် ☐ လတ်☑ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၄	မြင့် ☐ လတ်☑ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၂၂၄	၄၁၆	၁၁၆	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ

များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"**ကဏ္ဍ

၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဝင်ငွေကောင်းနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကင်းပြားကျေးရွာတွင် စက်ချုပ်၊စက်ယက္ကန်း၊ လက်ယက္ကန်းခတန်ခြင်း၊ ပန်းရံ၊ ဝပ်ရှော့ စသည့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိသော လုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်ကြသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၆၀၀၀	၈၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကင်းပြားကျေးရွာတွင် စိုက်ပျိုးရေးကို လုပ်ကိုင်ဆောင်ရွက်နေကြသော နေ့စား အလုပ်သမားများသည် လုပ်ငန်းခွင်ပေါ်မူတည်၍ လုပ်ခလစာများ ပြောင်းလဲနိုင်ပါသည်။ ကျား၊ မ လုပ်ခ လစာမှာ မတူညီကြပါ။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၇၉၁	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၇၉၁	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကင်းပြားကျေးရွာသည် လယ်မြေတစ်ခုကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ အခြားမြေများ မရှိပါ။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ ။ကင်းပြားကျေးရွာပတ်ဝန်းကျင်တွင် သဘာဝဆေးဘက်ဝင် အပင်များရှိပါသည်။ ၎င်းတို့မှာ- ဆင်တုံးမန္ဓယ်၊ ဂျာမနီ၊ သခွတ်၊ တောဆီးဖြူ၊ ဆင်နှာမောင်း၊ တောခရမ်းချဉ် စသည်တို့ဖြစ်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု				
အိမ်အခြေအနေ	နံကပ်/တိုက်	ပျဉ်ထောင်	ဝါးထရံ	ကပ်ကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	လက်တွန်းထွန်စက်၊ ရိတ်စက်၊ ထော်လာကျီ၊ မြက်ရိတ်စက်	လက်တွန်းထွန်စက်၊ မြက်ရိတ်စက်	-	-
အဓိကစီးပွားရေးလုပ်ငန်း	တောင်သူ	တောင်သူ	တောင်သူနေ့စား	တောင်သူနေ့စား

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အိမ်ထောင်စု	၂၉	၁၀၆	၆၀	၂၉

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကင်းပြားကျေးရွာ တစ်ရွာလုံး မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကထားပြီးလုပ်ကိုင်ဆောင်ရွက်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၂၆	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၂၆_____ လုပ်အားခကြိုယူ = _____

ရင်းမြစ်.. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကင်းပြားကျေးရွာ၌ မြေယာပိုင်ဆိုင်ခြင်းမရှိသော အိမ်ထောင်စုများသည် နေ့စဉ် ဝမ်းစာကို အတက်နိုင်ဆုံးဖြေရှင်းနေကြရပါသည်။ ဝမ်းစာဖူလုံမှုမရှိပါက အများစုမှာ အတိုးနှုန်းဖြင့် ချေးယူ ကြရပါသည်။ အတိုးနှုန်းကြီးမားမှုကြောင့် ဆင်းရဲတွင်းမှ ရုန်းမထွက်နိုင်သော

အိမ်ထောင်စုများလည်း ရှိကြ ပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကူညီစောက်ရှောက်မှုလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကင်းပြားကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း အလွန်နည်းပါးပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်မှု အန္တရာယ် နိမ့်၊ လတ်၊ မြင့် သတ်မှတ်ရာတွင် ပထမဦးစွာ မိမိကျေးရွာတွင် ထိခိုက်မှု

ခံရနိုင် သည့်သူများ သတ်မှတ်ပါ။ ထို့နောက် ၎င်းပုဂ္ဂိုလ်များအလိုက် ထိခိုက်နိုင်သည့် အန္တရာယ်အမျိုးအစားဖော်ပြ၍ နိမ့်၊ လတ်၊ မြင့် သတ်မှတ်ရန်ဖြစ်သည်။

လေ့လာတွေ့ရှိချက်။ ။ကင်းပြားကျေးရွာ၌ ကားမောင်းပြီး အသက်မွေးဝမ်းကြောင်း ပြုသူများသည် ထိခိုက်မှု အများဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁☐ ၂☑ ၃☐	၈	၂	၁၀	ပညာရေး ☑ ဌေးကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	ဓမ္မစကူးလ်	၁☐ ၂☐ ၃☑	၅	၁၅	၂၀	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၃	လူမှုကူညီရေး အသင်း	၁☐ ၂☑ ၃☐	၁၅	၂၇	၄၂	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၄	မိဘဆရာ အသင်း	၁☐ ၂☑ ၃☐	၇	၃	၁၀	ပညာရေး ☑ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	ကျေးရွာသန့်ရှင်းသာယာ	၁☐ ၂☑ ၃☐	၅	-	၅	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐	ကောင်း ☑ သင့် ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
	လှုပရေးအဖွဲ့					သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ညံ့ ☐
၆	စာကြည့်တိုက်	၁☐ ၂☑ ၃☐	၃	၂	၅	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၇	လူငယ်ရေးရာ အဖွဲ့	၁☐ ၂☑ ၃☐	၁၀	၂၂	၃၂	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကင်းပြားကျေးရွာအတွင်းရှိလူငယ်များသည် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဆောင်ရွက်လိုခြင်းမရှိဘဲ အပျော်အပါးကိစ္စများတွင် ပို၍ စိတ်အားထက်သန်ကြပါသည်။ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးကိစ္စများတွင် လူငယ်များ စိတ်ပါဝင်စားလာစေရန် လူငယ်များအား စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	အောင်ဇေယျာ	၁☑ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☑ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	Pact Myanmar	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	မဟာဩဘာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄	မြတ်ကျွန်းသာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅	ဝူးရှင်းမန်း	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆	အလိုင်းရင်း	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကင်းပြားကျေးရွာ၌ ပြင်ပအသေးစား ဌေးရေး ကြေးရေးအဖွဲ့အစည်းများ အလွန်

ပေါများပါသည်။ အရပ်တိုးနှင့်နှိုင်းယှဉ်ပါက သက်သာသော်လည်း ချေးယူမှုများပါက အတိုးပမာဏများပြီး အကြွေးသံသရာလည်နိုင်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၀၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၄	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၄	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၆၈	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၈	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၂၂၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကင်းပြားကျေးရွာသည် မြေယာမဲ့အိမ်ထောင်စု အများအပြား ရှိနေသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၇၉၁	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ကင်းပြားကျေးရွာတွင် မြေအောက်ရေအရင်းအမြစ် ပေါများပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
နွေစပါး	၇၉၁	တင်း	၆၀	၈၀	၇၀	မတ်	ဂျွန်	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်☑ နိမ့်□
မိုးစပါး	၇၉၁	တင်း	၅၀	၈၀	၆၀	ဩဂုတ်	နော်ဝင်ဘာ	မြင့်☑ လတ်□နိမ့်□	မြင့်□ လတ်☑နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကင်းပြားကျေးရွာ၌ နွေစပါးနှင့် မိုးစပါးစိုက်ပျိုးကြရာတွင် နွေစပါးမှာ သက်တမ်း နုစပါးမျိုးဖြစ်ကြပြီး ပိုးမွှားကျရောက်မှုမှာလဲ ၄၀% ခန့်ရှိပြီး ထွက်နှုန်းမှာ သင့်တင့်မျှတပါသည်။ မိုးစပါးမှာ သက်တမ်းရှည်စပါးမျိုးဖြစ်ပြီး ပိုးမွှားကျရောက်မှုမှာလည်း ၇၅% အထိရှိ၍ အလွန်ဂရုစိုက်လုပ်ကိုင်ကြရ ပါသည်။ နွေစပါးနှင့် မိုးစပါးမှာ အရင်းအနှီး၊ ပိုးမွှားကျရောက်မှု၊ ထွက်နှုန်း၊ ဈေးကွက်ကွာခြားမှုများရှိပါ သည်။ အခြားသီးနှံများစိုက်ပျိုးခြင်းမရှိပါ။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်				၁၂၀
လက်တွန်းထွန်စက်	၇၅			၅၄

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	၄			၁၁၇
ခြွေလှေ့စက်				
ရေစုပ်စက်	၅၁			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၉၁			၁၇

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကင်းပြားကျေးရွာနေပြည်သူများမှ ထွန်စက်နှင့် ရိတ်သိမ်းစက်တို့ကို အစိုးရအနေဖြင့် အရစ်ကျ အတိုးနှုန်းနည်းပါးစွာဖြင့် တောင်သူများ၏ လက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးစေလိုကြောင်း သိရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☑
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑
သဘာဝဗေဒဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည် ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑
နည်းပညာဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐** **သီးနှံများကို ရောင်းချနိုင်သည် ☑**

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကင်းပြားကျေးရွာ၏ သီးနှံစျေးကွက်မှာ ခိုင်မာမှုမရှိပါ။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။
သဘာဝ ရေမြေရာသီဥတု အနေအထား	**မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐**
လယ်ယာမြေ အသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐** **လယ်ယာမြေဆုံးရှုံးမှုများသည် ☐** **လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐** **ပလပ်မြေများရှိသည် ☐** **ပလပ်မြေအသင့်အတင့်ရှိသည်☐**
စိုက်ပျိုးရေ အရင်းအမြစ်	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐**
နည်းပညာဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐**
